ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
နေပြည်တော်

စာအမှတ်၊ အဆင့်မြင့်/ သင်တန်း-၁/ အထွေထွေ
(အဆည-အဂတိ)/၂၀၂၀( ၉၃၀၉ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၇ ရက်

အကြောင်းအရာ။ **ACC Against COVID-19 အစီအစဉ်တွင် ဆောင်းပါးများ ရေးသားပေးပို့နိုင်ပါရန်ကိစ္စ**

ရည် ညွှန်းချက် ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၅-၇-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု/ သင်တန်း(ဆောင်းပါး)/၂၀၂၀(၁၈၉၈၇)

၁။ နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ COVID-19 ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အများပြည်သူသို့အသိပေးတင်ပြလိုသည့် အကြောင်းအရာများကို စာမျက်နှာ (၁)မျက်နှာ ထက်မနည်း၊ (၂)မျက်နှာထက်မပိုစေဘဲ ဆောင်းပါးများရေးသားပြုစု၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးသို့ ပေးပို့နိုင်ပါကြောင်း ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံးနှင့် ဤဦးစီးဌာန၊ ဌာနခွဲများအားလုံးရှိ စိတ်ပါဝင်စားသည့် အရာထမ်း၊ အမှုထမ်းများ တစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ ဤဦးစီးဌာနရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့လိုက်အနေဖြင့်သော် လည်းကောင်း အများပြည်သူသို့ အသိပေးတင်ပြမည့် ဆောင်းပါးများ ပါဝင်ရေးသားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ၉-၇-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ACC/တားဆီး စစ်ဆေး/၁-၁/ဝဝ၁(၁၂၃၅/၂၀၂၀) ကို ဤစာနှင့်အတူ ပေးပို့အပ်ပါသည်။

17.7.20

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
( ဒေါက်တာမေစန်းရီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

**ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး--တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်များအားလုံး**
**ဌာနခွဲများအားလုံး၊ အဆင့်မြင့်ပညာဦးစီးဌာန**

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ အဆင့်မြင့်ပညာဦးစီးဌာန

အဖွဲ့ဝင်များအားလုံး၊ အဆင့်မြင့်ပညာဦးစီးဌာနအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့

ရုံးလက်ခံ

မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**

၅၅၀၀
၁၁.၇.၂၀
၁၄:၅၅

စာအမှတ်၊ ACC/တားဆီးစစ်ဆေး/၁-၁/၀၀၁(၁၂၃၅/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၆ ရက်

သို့

ပညာရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ACC Against COVID-19 အစီအစဉ်တွင် ဆောင်းပါးများ ရေးသားပေးပို့နိုင်ပါရန် ဖိတ်ခေါ်ခြင်း**

၁။ နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ကော်မရှင်အနေဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးကဏ္ဍတစ်ရပ်အဖြစ် ACC Myanmar Facebook Page (ACC Myanmar) တွင် ACC Against COVID-19 အစီအစဉ်ဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များက ရေးသားပေးပို့လာသော ဆောင်းပါးများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ စတင်၍ အပါတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် ဖော်ပြလျက်ရှိပါသည်။

၃။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)များအနေဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေးတင်ပြလိုသည့် အကြောင်းအရာများကို စာမျက်နှာ (၁)မျက်နှာထက်မနည်း၊ (၂)မျက်နှာထက် မပိုစေဘဲ ဆောင်းပါးများ ရေးသားပြုစု၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။ ဆောင်းပါးများကို ကော်မရှင်ရုံး၊ ဆောင်းပါးစိစစ်ရေးအဖွဲ့မှ စိစစ်တည်းဖြတ်၍ ACC Against COVID-19 အစီအစဉ်တွင် Power Point Presentation ပြုစု၍ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။